# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

## ၂၀၁၄ – ခုနှစ်
## ဥပဒေများ

# မာတိကာ


| စဉ် | အကြောင်းအရာ<br>ဥပဒေများ | စာမျက်နှာ<br>မှ | <br>ထိ |
|---|---|---|---|
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး၏ ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃/၂၀၁၄) | ၁ | ၁၀ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၄) | ၁၁ | ၂၁ |
| ၃။ | စစ်ကိုင်းကိုင်းဒေသကြီး ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့် ပြိုင်ပွဲ<br>များနှင့်ဆိုင်သည့် ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅/၂၀၁၄) | ၂၂ | ၃၃ |

# ဆားနှင့် ဆားထွက်ပစ္စည်း ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ

## (၂၀၁၄ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃ ။ )

၁၃၇၅ ခုနှစ် ၊ တန်ခူးလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ် ၊ ဧပြီလ ၁၁ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက် ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **မြန်မာ့ဆားလုပ်ငန်း** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းကို ဆိုသည်။

(စ) **တိုင်းဒေသကြီးမန်နေဂျာ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်း ဦးစီးမှူးကို ဆိုသည်။

(ဆ) **ဆား** ဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊ စမ်း၊ ကန်၊ တွင်းရေနှင့် သဲမြေတို့ကို အသုံးပြုပြီး ထုတ်ယူရရှိသော ဆိုဒီယမ်ကလိုရိုဒ်ကို ဆိုသည်။ယင်းစကားရပ်တွင် သဘာဝအလျောက် မြေပေါ်မြေအောက်တွင် ဖြစ်ပေါ်တည်ရှိသော ဆိုဒီယမ်ကလိုရိုဒ်လည်း ပါဝင်ပါသည်။

(ဇ) **ဆားထွက်ပစ္စည်း** ဆိုသည်မှာ အပိုဓာတ်ဆားကို ဆိုလိုသည်။ ဆားကို အခြားဓာတုပစ္စည်းများနှင့် ပေါင်းစပ်၍ ထုတ်ယူရရှိသော ဓာတ်ဆား အမျိုးမျိုးကိုလည်းကောင်း၊ ဆားထုတ်ယူပြီး ကျန်ရှိသည့် ကြက်တက်ရည်မှ ထုတ်ယူရရှိသော ဓာတ်ဆား အမျိုးမျိုးကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ရေမှော်အမျိုးမျိုးတို့မှ ထုတ်ယူရရှိသော ဓာတုပစ္စည်း အမျိုးမျိုးလည်း ပါဝင်ပါသည်။

(ဈ) **ဆားနယ်မြေ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် ဆားနှင့် ဆားထွက်ပစ္စည်းများ ထုတ်လုပ်နိုင်သော နယ်မြေဒေသကို ဆိုသည်။

(ည) **လိုင်စင်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်ထားသည့် ဆားနှင့် ဆားထွက် ပစ္စည်းများ ထုတ်လုပ်ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဋ) **ထုတ်လုပ်ခြင်း** ဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို သဘာဝအားဖြင့် လည်းကောင်း၊ နေလှန်းခြင်းဖြင့် လည်းကောင်း၊ ထင်း သို့မဟုတ် မီးသွေးဖြင့် ထုတ်လုပ်သည့်နည်းမှအပ အခြားတစ်နည်း နည်းဖြင့် လည်းကောင်း ထုတ်လုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကြိတ်ခွဲသန့်စင်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

(ဌ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်မှု စစ်ဆေးရေးပြုလုပ်ရန် ဝန်ကြီးက တာဝန်ပေးအပ်သော အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) သစ်တောပြုန်းတီးမှု မရှိစေရေးအတွက် နေလှန်းဆားကိုသာ ထုတ်လုပ် စေရန်၊

(ခ) ဆားထုတ်လုပ်မှုပမာဏ တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်စေရန်၊

(ဂ) ဆားနှင့် ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဆားထုတ်လုပ်နိုင်သည့် နယ်မြေဒေသ တိုးချဲ့သတ်မှတ်ရန်၊

(ဃ) ဆားနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်မှု တိုးတက်ရေး၊ အရည်အသွေး ကောင်းမွန်ရေး၊ ဒေသတွင်း စားသုံးမှုဖူလုံရေး၊ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ပုဂ္ဂလိက ဆားထုတ်လုပ်မှု တိုးတက်စေရေး အတွက် ပံ့ပိုးကူညီရန်၊

(င) ဆားနှင့် ဆားထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချ နိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) သုတေသနပြုလုပ်ရာမှ ရရှိသော ဆားပိုမိုထုတ်လုပ်နိုင်သည့် နည်းလမ်းနှင့် ဆားထွက် ပစ္စည်း ထုတ်လုပ်နိုင်သည့် နည်းပညာရပ်များကို ဆားထုတ်လုပ်သူ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ဖြန့်ဖြူးပေးရန်။

## အခန်း(၃)
## လိုင်စင်လျှောက်ထားခြင်း

၄။ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ် ထုတ်လုပ်လိုသူသည် တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင် လျှောက်ထားရမည်။

၅။ တိုင်းဒေသကြီးမန်နေဂျာသည် ပုဒ်မ ၄ ပါ လျှောက်လွှာများနှင့် စပ်လျဉ်း၍-

(က) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စစ်ဆေး တင်ပြစေရန် သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့အား တာဝန်ပေးအပ် နိုင်သည်။

(ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိကြောင်း တွေ့ရှိရပါက လိုင်စင် ထုတ်ပေးနိုင်သည်။

၆။ မိသားစုစားသုံးရန် ဆားထုတ်လုပ်ခြင်းအတွက် လိုင်စင်ရယူရန်မလို။

၇။ လိုင်စင်သက်တမ်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့် အတိုင်း ဖြစ်စေရမည်။

# အခန်း (၄)
# လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၈။ လိုင်စင်ရရှိသူသည် အောက်ပါအခွန်အခများအနက် ပေးဆောင်ရန်ရှိသော အခွန်အခများကို မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့်နည်းလမ်းအတိုင်း ပေးဆောင်ရမည်-

(က) လိုင်စင်ခ၊

(ခ) လိုင်စင်အသစ်လဲလှယ်ကြေး၊

(ဂ) ရက်လွန်ကြေး၊

၉။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် တိုင်းဒေသကြီး မြန်မာ့ဆား လုပ်ငန်းက ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

(ခ) ထုတ်လုပ်မှုစာရင်းဇယားများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဂ) တိုင်းဒေသကြီးမြန်မာ့ဆားလုပ်ငန်းနှင့် စစ်ဆေးရေးအဖွဲ့က တောင်းခံသော စာရင်း ဇယားများကို တင်ပြရမည်။

(ဃ) စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ လိုင်စင်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးမြင့်မားရေးအတွက် စစ်ကိုင်းကိုင်းဒေသကြီး မြန်မာ့ဆား လုပ်ငန်းက ဖြန့်ဖြူးပေးသော နည်းလမ်းနှင့် နည်းပညာရပ်များ ရယူခြင်း၊

(ခ) ထုတ်လုပ်သော ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဂ) ထုတ်လုပ်သော ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို ပြည်ပသို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဃ) ပြည်ပသို့ ရောင်းချရာမှ ရရှိသော နိုင်ငံခြားငွေဖြင့် ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်ရာတွင် လိုအပ်သော ဓာတုပစ္စည်းနှင့် လုပ်ငန်းသုံး ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ ဝယ်ယူ တင်သွင်းခွင့်ရှိခြင်း၊

(င) နှစ်ရှည်လိုင်စင် လျှောက်ထားခွင့်ရှိခြင်း၊

(စ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်း တိုးချဲ့ လုပ်ကိုင်လိုပါက ဝန်ကြီး၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခွင့် ရှိခြင်း။

## အခန်း (၅)
## ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်မှုကို အခြေခံ၍ လိုင်စင်ခ သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်အသစ် လဲလှယ်ပေးခြင်း၊

(င) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်သည့် ဆားနယ်မြေများကို တိုးချဲ့ သတ်မှတ်နိုင်ရန် ဆောင်ရွက်ခြင်း၊

(စ) ဆားထုတ်လုပ်သည့် နည်းလမ်းများနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်သည့် နည်းပညာရပ်များကို လိုင်စင်ရရှိသူများအား ဖြန့်ဖြူးပေးခြင်း၊

(ဆ) ဆားနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေး ကောင်းမွန်ရေး ဒေသတွင်းစားသုံးမှု ဖူလုံရေးနှင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လိုင်စင်ရရှိသူများအား ပံ့ပိုးကူညီခြင်း၊

(ဇ) တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းမှ ဝန်ထမ်းများကို စစ်ဆေးရေး အဖွဲ့များအဖြစ် တာဝန်ပေးအပ်ခြင်း၊ လိုအပ်ပါက အခြားဌာနမှ ဝန်ထမ်းများကိုလည်း စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်နိုင်ရန် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ရာသီ ဥတုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသောဒေသများတွင် ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်ခြင်းတို့ကို ထောက်ရှု၍ လိုင်စင်ကြေး လျှော့ပေါ့ကောက်ခံခြင်း၊

(ဋ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးမန်နေဂျာသည် ဆားပိုမိုထုတ် လုပ်နိုင်ရေးကို ရှေးရှု၍ နှစ်ရှည်လိုင်စင် ထုတ်ပေးခြင်း၊

(ဠ) ထုတ်လုပ်သောဆားများ စားသုံးရန် သင့် မသင့် စစ်ဆေးစေခြင်း၊
(ဍ) နေလှန်းဆား ထုတ်လုပ်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၂။ ဝန်ကြီးသည် မိမိ၏လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်း မန်နေဂျာအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)
## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁၃။ ဝန်ကြီးသည် ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်မှုကို စစ်ဆေးခြင်း ပြုလုပ်ရန် မြန်မာ့ဆားလုပ်ငန်းမှ ဝန်ထမ်းကိုဖြစ်စေ၊ အခြားဌာနမှ ဝန်ထမ်းကိုဖြစ်စေ၊ အနည်းဆုံး (၃)ဦးဖြင့် ဖွဲ့စည်းသည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့ပေးနိုင်သည်။

၁၄။ စစ်ဆေးရေးအဖွဲ့သည် -

(က) မိမိတာဝန်ယူရသော နယ်မြေဒေသတွင်ဖြစ်စေ၊ သီးခြားတာဝန် ပေးအပ်သော နယ်မြေဒေသတွင်ဖြစ်စေ ဆား သို့မဟုတ် ဆားထွက် ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများကို ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့် ရှိသည်။

(ခ) လိုင်စင်ရရှိသူထံမှ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော စာရင်းအင်းများကို တောင်းယူကြည့်ရှု စစ်ဆေးခွင့် ရှိသည်။

(ဂ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း နမူနာရယူခြင်းနှင့် လိုအပ်ပါက ဓာတ်ခွဲ စစ်ဆေးခြင်း ပြုနိုင်သည်။

(ဃ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်ရမည်။

(င) လိုင်စင်မရှိဘဲ ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်သည်ကို စစ်ဆေးတွေ့ရှိပါက သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ သိမ်းဆည်းရမည်။

(စ) မိမိ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## အခန်း (၇)
## တားမြစ်ချက်များ

၁၅။ မည်သူမျှ လိုင်စင်မရှိဘဲ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ် ထုတ်လုပ်ခြင်း မပြုရ။

၁၆။ လိုင်စင်ရရှိသူသည် -

(က) ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်းမပြုရ၊

(ခ) လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ၊

(ဂ) တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

## အခန်း (၈)
## စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်း

၁၇။ တိုင်းဒေသကြီးမန်နေဂျာသည် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ် ထုတ်လုပ်သူများ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လုပ်ငန်းကိုယာယီရပ်ဆိုင်းခြင်း၊

(ဂ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ဆောင်ရွက်စေခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်း။

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးကို ချမှတ်ခြင်း ခံရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် ၁၀၀၀၀ိ/ အများဆုံး ကျပ် ၅၀၀၀၀ိ/-အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀၀၀ိ/-မှ အများဆုံး ကျပ် ၂၀၀၀၀၀ိ/-အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၉။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို ချမှတ်ခြင်းခံရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် ၁၀၀၀၀ဝိ/-မှ အများဆုံး ကျပ် ၃၀၀၀ဝိ/-အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၃၀၀၀ဝိ/-မှ အများဆုံးကျပ် ၁၀၀၀၀ဝိ/-အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

၂၀။ ပုဒ်မ ၁၈ သို့မဟုတ် ပုဒ်မ ၁၉ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို တိုင်းဒေသကြီး မန်နေဂျာက ချမှတ်ရမည်။

၂၁။ တိုင်းဒေသကြီးမန်နေဂျာသည် ပုဒ်မ ၁၈ အရ အမိန့်ချမှတ်ရာတွင် တင်ပြထားသော သက်သေခံပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသည်။

## အခန်း(၉)
## အယူခံခြင်း

၂၂။ တိုင်းဒေသကြီးမန်နေဂျာက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း(၃၀) အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၂၃။ ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး မန်နေဂျာက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) အတည်ပြုခြင်း၊

(ခ) ပြင်ဆင်ခြင်း၊

(ဂ) ပြန်လည်စစ်ဆေးခြင်း။

၂၄။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၀)
## အထွေထွေ

၂၅။ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆား၊ ဆားထွက်ပစ္စည်းကို ဖက်စပ်ထုတ်လုပ်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီဆောင်ရွက်နိုင်သည်။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မြန်မာ့ဆားလုပ်ငန်းက ဆောင်ရွက်သည့် ဆား၊ ဆားထွက်ပစ္စည်းနှင့် ဓာတုပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းများနှင့် မသက်ဆိုင် စေရ။

၂၇။ ဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာန တစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အား ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လိုင်စင်ခံသက်သာခွင့် ပြုနိုင်သည်။

၂၈။ တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် ရရန်ရှိသော လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးငွေတို့ကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ ကောက်ခံရမည်။

၂၉။ တည်ဆဲဆားလုပ်ငန်းဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ

# ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဥပဒေ
## (၂၀၁၄ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄ ။ )

၁၃၇၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ် ၊ ဩဂုတ်လ ၁၂ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ ဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(စ) **ဇာတ်ရုံ** ဆိုသည်မှာ ဇာတ်သဘင်ပြပွဲ ပြုလုပ်သည့် အဆောက်အအုံနှင့် အခြားနေရာ တစ်ခုခုကို ဆိုသည်။

(ဆ) **ဇာတ်ရုံလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ဇာတ်ရုံအတွက် ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဇ) **ရုပ်ရှင်** ဆိုသည်မှာ ရုပ်ရှင်နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့် အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းနှင့် ထိုကဲ့သို့ ထွက်ပေါ်စေရန် အတွက် အသုံးပြုသော စက်နှင့်ကိရိယာကို ဆိုသည်။

(စျ) **ရုပ်ရှင်ကား** ဆိုသည်မှာ ရုပ်ရှင်အဖြစ် ရိုက်ကူးထုတ်လုပ်သော ဇာတ်လမ်းကား၊ မှတ်တမ်းတင်ကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားကို ဆိုသည်။

(ည) **ရုပ်ရှင်ဆင်ဆာလက်မှတ်** ဆိုသည်မှာ ရုပ်ရှင်ဆင်ဆာအဖွဲ့က ထုတ်ပေးသည့် အများပြည်သူအား ရုပ်ရှင်ကား ပြသခွင့်ပြုသည့် လက်မှတ်ကို ဆိုသည်။

(ဋ) **ရုပ်ရှင်လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ရုပ်ရှင်လုပ်ငန်း အမျိုးအစား တစ်ခုခုကို လုပ်ကိုင်ခွင့်ပြုသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

(ဌ) **ရုပ်ရှင်ရုံ** ဆိုသည်မှာ ရုပ်ရှင်ပြသသည့် အဆောက်အအုံ၊ အိမ်နှင့် အခြားနေရာ တစ်ခုခုကို ဆိုသည်။

(ဍ) **ရုပ်ရှင်ရုံလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ရုပ်ရှင်ရုံအတွက် ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဎ) **ဗီဒီယို** ဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့် အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းကို ဆိုသည်။

(ဏ) **ဗီဒီယိုရုံ** ဆိုသည်မှာ ဗီဒီယိုပြသသည့် အဆောက်အအုံ၊ အိမ်နှင့် အခြားနေရာ တစ်ခုခုကို ဆိုသည်။

(တ) **ဗီဒီယိုဆင်ဆာလက်မှတ်** ဆိုသည်မှာ ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ဗီဒီယို ဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေး တို့ကို ဆိုသည်။

(ထ) **ဗီဒီယိုရုံလိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုရုံအတွက် ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဒ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီးတွင် ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံဆိုင်ရာ လုပ်ငန်းကိစ္စများကို တာဝန်ယူ ဆောင်ရွက်နေသည့် ဌာန၏ တိုင်းဒေသကြီးအဆင့် တာဝန်ခံကို ဆိုသည်။

(ဓ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ မူဘောင်နှင့်အညီ ခေတ်မီဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံများကို တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ပူးပေါင်း၍ဖြစ်စေ အကောင်အထည်ဖော် တည်ဆောက်ရန်၊

(ခ) ပုဂ္ဂလိကပိုင်နှင့် နိုင်ငံတော်ထံမှ ငှားရမ်းလုပ်ကိုင်နေသည့် ရုပ်ရှင်ရုံများကို အသံစနစ်၊ ပြသမှုစနစ်များဖြင့် ခေတ်မီအောင် ပြုပြင်တည်ဆောက်ရန်၊

(ဂ) နိုင်ငံတကာအဆင့်မီ Cinema Complex များ၊ Digital Cinema ရုပ်ရှင်ရုံများ ပေါ်ထွန်းလာစေရန်၊

(ဃ) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဆင့်မီ ကပွဲရုံ၊ ကဇာတ်ရုံ၊ ရုပ်ရှင်ရုံ ဗီဒီယိုရုံများ ပေါ်ထွန်းလာစေရန်၊

(င) အများပြည်သူအတွက် အသိပညာ၊ ဗဟုသုတများ ရရှိလာနိုင်စေရေးတို့ကို ဖန်တီး ဆောင်ရွက်ရန်၊

(စ) အများပြည်သူ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးက အတွင်းရေးမှူး အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ၏ အကြီးအမှူးများ၊ ဇာတ်သဘင်၊ ရုပ်ရှင်နှင့် ဗီဒီယို ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင် ဖွဲ့စည်းနိုင် သည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် လိုအပ်သော မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်း၊

(ခ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင် လျှောက်ထားချက်ကို သတ်မှတ် ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ခြင်း၊

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်များ ထုတ်ပေးခြင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ငြင်းပယ်ခြင်း၊

(ဃ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) ဇာတ်ရုံ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်သက်တမ်း၊ လိုင်စင်ရက်လွန်ကြေး၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ခြင်း၊

(စ) သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယို ရုပ်ရှင်ရုံလိုင်စင် သက်တမ်းများ တိုးမြှင့်ပေးခြင်း၊

(ဆ) လိုအပ်ပါက ခရိုင်နှင့် မြို့နယ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်

၆။ ဇာတ်ရုံ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်ရယူလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၇။ ကော်မတီသည်-

(က) ဇာတ်ရုံ သို့မဟုတ် ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင် လျှောက်ထားခြင်းကို သတ်မှတ် ချက်များနှင့် ညီညွတ်မှု ရှိမရှိ စိစစ်ရမည်။

(ခ) ဇာတ်ရုံ သို့မဟုတ် ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင် ထုတ်မပေးမီ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း၏ သဘောထားမှတ်ချက် တောင်းခံရမည်။

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဇာတ်ရုံ သို့မဟုတ် ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံ လိုင်စင်များကို ထုတ်ပေးရမည်။

၈။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ သက်တမ်း လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ပေး ရမည်။

၉။ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည်-

(က) သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့လျှောက်ထားရမည်။

(ခ) ကော်မတီသည် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

၁၀။ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လိုင်စင်သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်းခြင်း ခံရလျှင်ဖြစ်စေ၊ လိုင်စင်ရရှိသူက ပြန်လည်အပ်နှံလျှင်ဖြစ်စေ အဆိုပါ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းလိုင်စင် ပျက်ပြယ်သည်။

## အခန်း (၆)
## ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းများအတွက် လိုက်နာရန်စည်းကမ်းများ

၁၁။ ဇာတ်ရုံ သို့မဟုတ် ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင်ရရှိသူသည် အောက်ပါတစ်ရပ်ရပ်တွင် အကျုံးဝင်သော ဇာတ်သဘင်၊ ရုပ်ရှင်ကားနှင့် ဗီဒီယိုကားတို့ကို ပြသခြင်း မပြုရ-

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြား ဘာသာ သာသနာကိုလည်းကောင်း တိုက်ရိုက် နစ်နာစေမည့် အကြောင်းအရာများ ဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊

(ဂ) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် အမူအကျင့်များကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အပြောအဆိုများ ပါဝင်ခြင်း၊

(စ) မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တရားဝင်ခွင့်ပြုထားသည့် ရုပ်ရှင်လုပ်ငန်းလိုင်စင်နှင့် ရုပ်ရှင် ဆင်ဆာလက်မှတ် မပါရှိသည့် ရုပ်ရှင်ကားများ၊

(ဆ) ဗီဒီယိုလုပ်ငန်းလိုင်စင်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေး မပါရှိသည့် ဗီဒီယို ဇာတ်ကားများ။

( ဧ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ထုတ်လွှင့်သော ရုပ်မြင်သံကြား အစီအစဉ်ကို စီးပွားရေးအလို့ငှာ ကူးယူပြသခြင်း။

၁၂။ ဇာတ်ရုံ ရုပ်ရှင်ရုံ သို့မဟုတ် ဗီဒီယိုရုံလိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

( ခ ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁၃။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

၁၄။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ တည်ရှိရာနေရာသည် ပတ်ဝန်းကျင်ဒေသနှင့် သင့်လျော်ခြင်း ရှိမရှိ စိစစ်ခြင်း၊

( ခ ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ အဆောက်အဦး၏ အမျိုးအစားနှင့် အကျယ်အဝန်းသည် ဇာတ်၊ ရုပ်ရှင်နှင့် ဗီဒီယိုပြသရန် သင့်လျော်သည့် အနေအထား ရှိမရှိ စိစစ်ခြင်း၊

( ဂ ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံသည် သေသပ်ခိုင်ခန့်ခြင်း ရှိမရှိ စိစစ်ခြင်း၊

(ဃ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံသည် သန့်ရှင်းသပ်ရပ်မှုနှင့် အခင်းအကျင်း ကောင်းမွန်မှု ရှိမရှိ စိစစ်ခြင်း၊

( င ) အရေးပေါ်အခြေအနေ ပေါ်ပေါက်ပါက ရုံပြင်ပသို့ အလွယ်တကူ ထွက်နိုင်သည့် အခြေအနေ ရှိမရှိ စိစစ်ခြင်း၊

( စ ) ဇာတ်သဘင် အသုံးအဆောင်များ၊ ရုပ်ရှင်ပြစက်၊ ဗီဒီယိုအပေါ်စက်၊ အောက်စက် စသည့်ကိရိယာများ၏ အခြေအနေ သင့်လျော် ကောင်းမွန်ခြင်း ရှိမရှိ စိစစ်ခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅။ ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ခွင့်ပြုထားသောလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး လုပ်ငန်းအား ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၁၆။ ကော်မတီသည် ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား ပုဒ်မ ၁၅ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်၊ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၉)
## အယူခံဝင်ခြင်း

၁၇။ ကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်း ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၁၈။ အစိုးရအဖွဲ့သည် အယူခံခြင်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကို ဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၁၉။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၀)
## တားမြစ်ချက်များ

၂၀။ မည်သူမျှ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်မရှိဘဲ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ တည်ထောင် ဖွင့်လှစ်ဆောင်ရွက်ခြင်း မပြုရ။

၂၁။ မည်သူမျှ ဇာတ်ရုံ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်မရှိဘဲ ဇာတ်ပွဲ၊ ရုပ်ရှင်ပြသခြင်းနှင့် ဗီဒီယိုပြသခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၂၂။ မည်သူမျှ မိမိရရှိထားသော ဇာတ်ရုံ ရုပ်ရှင်ရုံ နှင့်ဗီဒီယိုရုံ လိုင်စင်ကို ခွင့်ပြုချက်မရရှိဘဲ အခြားသူတစ်ဦးအား လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်စေခြင်း မပြုရ။

၂၃။ မည်သူမျှ ဇာတ်ရုံ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံကို ခွင့်ပြုထားသည့် လုပ်ငန်းကိစ္စရပ်များမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။

၂၄။ မည်သူမျှ ဇာတ်ရုံ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်ထားစဉ်ကာလအတွင်း ဇာတ်ရုံ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းအား ဆက်လက်လုပ်ကိုင်ခြင်း မပြုရ။

၂၅။ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်နှစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင်ငွေဒဏ် ကျပ်တစ်သောင်း ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်နှစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင် ငွေဒဏ် ကျပ်တစ်သောင်း ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လအထိဖြစ်စေ၊ ငွေဒဏ် ကျပ်ငါးသောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ငါးသောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၂။ ကော်မတီသည် ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းတစ်ခုခုအတွက် လိုင်စင်လျှောက်ထားခြင်း၊ အခကြေးငွေ ပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့် ပြုနိုင်သည်။

၃၃။ ဤဥပဒေမတိုင်မီ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း ( ၉၀ ) အတွင်း လိုအပ်သောလိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၄။ ဤဥပဒေမတိုင်မီ ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံများနှင့် စပ်လျဉ်းပြီး ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၅။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၆။ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံရသူသည် မိမိ လက်ဝယ်ရှိသော ဇာတ်ရုံ ရုပ်ရှင်ရုံ ဗီဒီယိုရုံတို့နှင့် စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ခေတ်ပုံ ၊ ပန်းချီ ၊ ပန်းပု စသည့် ပြပွဲများ ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုစသည့်ပြပွဲများဥပဒေ

( ၂၀၁၄ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။ )

၁၃၇၆ ခုနှစ် ၊ ပြာသိုလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ် ၊ ဒီဇင်ဘာလ ၂၇ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့် ပြပွဲများ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ၊ ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကိုဆိုသည်။

(စ) **ပြပွဲ** ဆိုသည်မှာ အများပြည်သူတို့အတွက် ရည်ရွယ်၍ ဗဟုသုတ ဖြစ်စေရန် သို့မဟုတ် စိတ်ဝင်စားစေရန် ပြသသည့် ဓာတ်ပုံပြပွဲ၊ ပန်းချီ ပြပွဲ၊ ပန်းပုပြပွဲ၊ စာပေပြပွဲ၊ ဆင်ယင် ထုံးဖွဲ့မှုပြပွဲ စသည့် ယဉ်ကျေးမှု ပြပွဲများ၊ ကျန်းမာရေးပြပွဲ၊ ကိုယ်လက်ကြံ့ခိုင်ရေးပြပွဲ၊ လူမှုရေးပညာရပ် ဆိုင်ရာပြပွဲများ၊ စက်မှုပညာပြပွဲ၊ လက်မှုပညာပြပွဲနှင့် အလားတူ အခြား ပြပွဲများ ပါဝင်သည်။ ယင်းစကားရပ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံသား တို့၏ ရိုးရာဓလေ့၊ ထုံးတမ်းအစဉ်အလာအားဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာ ဒေသအလိုက် ဘာသာဘာဝအလျောက် ခင်းကျင်းပြသခြင်းများ မပါဝင်။

(ဆ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခြင်းအား ခွင့်ပြုသည့် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများကို ဆိုသည်။

(ဈ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးဌာနမှူးကို ဆိုသည်။

(ည) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ခန့်အပ်ထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးဌာနမှူးများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရှေးနှစ်ပေါင်းထောင်ချီကတည်းက ဖွံ့ဖြိုးတိုးတက်ပြီး သိမ်မွေ့နက်နဲကာ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်တို့ဖြင့် အဆင့်အတန်းမြင့်မားစွာတည်ရှိခဲ့သည့် မြန်မာ့ရိုးရာ လက်မှုအနုပညာအား ယခုထက်တိုင် ထိန်းသိမ်းစောင့်ရှောက်ခြင်းအပေါ် သိရှိလေ့လာ တန်ဖိုးထားနိုင်စေရန် ၊

(ခ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်းပြီး ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန် ၊

(ဂ) နိုင်ငံသားတိုင်း မိမိတို့အမြတ်တနိုးထားရှိသော ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဖော်ထုတ်ပြသ ဆောင်ရွက်နိုင်စေရန် ၊

(ဃ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ အကူအညီများ ရယူဆောင်ရွက်နိုင်စေရန် ၊

(င) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများမှတစ်ဆင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကောင်းစွာသိရှိပြီး တန်ဖိုးထား ထိန်းသိမ်း မြတ်နိုးလာစေရန်၊

(စ) လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနနှင့် အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို အခါအားလျော်စွာ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများချမှတ်ခြင်း ၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း ၊

(ခ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများမှတစ်ဆင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ကောင်းစွာသိရှိပြီး တန်ဖိုးထား ထိန်းသိမ်း မြတ်နိုးလာစေရေး အတွက် လုပ်ငန်းစဉ်များအား စီမံချက်များ ချမှတ် ဆောင်ရွက်ခြင်း ၊

(ဂ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများအား ဥပဒေနှင့်အညီ ပြသနိုင်ရေးအတွက် လျှောက်ထားချက်အပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဃ) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ငြင်းပယ်ခြင်း ၊

(င) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသနိုင်ရေးနှင့် စပ်လျဉ်းပြီး ခွင့်ပြုမိန့် ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း ၊

(စ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသရေးနှင့်စပ်လျဉ်းပြီး ခွင့်ပြုသည့် ကာလ၊ သတ်မှတ်သည့်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးတို့ သတ်မှတ်ခြင်း ၊

(ဆ) လိုအပ်ပါက ခရိုင်နှင့် မြို့နယ်ကော်မတီများ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ခွင့်ပြုမိန့်ထုတ်ပေးခြင်း

၆။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသလိုသူများသည် ဤဥပဒေအရ ခွင့်ပြုမိန့် ရရှိရန် လျှောက်လွှာနှင့်အတူ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲလျက် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ သတ်မှတ်ထားသည့်ကာလအတွင်း ကော်မတီသို့ လျှောက်ထားရမည်။

၇။ ကော်မတီသည် -

(က) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခွင့်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိ စိစစ်ရမည်၊

(ခ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခွင့်ထုတ်မပေးမီ လိုအပ်ပါက သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက် တောင်းခံရမည်၊

(ဂ) သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်ပါက ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့် ပြပွဲများ ကျင်းပနိုင်ရန် ခွင့်ပြုမိန့် ထုတ်ပေးရမည်၊

၈။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့် ပြပွဲများ ခွင့်ပြုသည့်ကာလ၊ သတ်မှတ်သည့်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခ ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်ပေးရမည်။

၉။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခွင့်သက်တမ်း ကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည်-

(က) သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်၊

(ခ) ကော်မတီသည် သတ်မှတ်ထားသောအခကြေးငွေကို ပေးဆောင်စေ၍ ပြသခွင့် သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

၁၀။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခွင့်သက်တမ်း ကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်းခြင်း ခံရလျှင်ဖြစ်စေ၊ ပြသခွင့်ရရှိသူက ပြန်လည်အပ်နှံလျှင်ဖြစ်စေ အဆိုပါပြသခွင့် ပျက်ပြယ်သည်။

၁၁။ ကော်မတီသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိ၏ စီမံကြီးကြပ်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးဌာနမှူးများအား ခွင့်ပြုမိန့်ထုတ်ပေးသူအရာရှိများအဖြစ် လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၁၂။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသရန်ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါအချက် တစ်ရပ်ရပ်တွင် အကျုံးဝင်သည့်ပြုလုပ်မှုများကို ဆောင်ရွက်ခြင်းမပြုရ -

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမည့် ပြကွက်များ ဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူ အကြမ်းဖက်မှုများ ဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ရာရောက် သည့် ပြကွက်များ ဖော်ပြခြင်း၊

(ဂ) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့ထုံးစံများကို ထိခိုက်ပျက်ပြားစေမည့် အမူအကျင့်များပါ ပြကွက်များ ဖော်ပြခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် ပြကွက်များ ဖော်ပြခြင်း၊

(င) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း။

၁၃။ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသရန် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ သက်တမ်းကုန်ဆုံးပြီးနောက် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့် ပြပွဲများကို ဆက်လက်၍ ပြသဆောင်ရွက်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်၊

(ဂ) ခွင့်ပြုသည့်ကာလ၊ သတ်မှတ်သည့်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်၊

(ဃ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများနှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို နိုင်ငံတကာ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲစံနှုန်းများနှင့်အညီ စနစ်တကျ ဖြစ်စေရေး ကြီးကြပ်စီမံဆောင်ရွက်ရမည်၊

(င) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၅။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လျှောက်လွှာပါအချက်အလက်များ မှန်ကန်မှု ရှိ မရှိ ၊

(ခ) ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသည့် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများသည် သတ်မှတ်သည့် နိုင်ငံတကာဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများစံနှုန်းများနှင့် ညီညွတ်မှု ရှိ မရှိ ၊

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ။

၁၆။ ပုဒ်မ ၁၅ တွင် ဖော်ပြပါတာဝန်သတ်မှတ်ချက်များကို စစ်ဆေးရာတွင် အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအရ စစ်ဆေးရမည် -

(က) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများဖွင့်လှစ်ခြင်း သို့မဟုတ် ထားရှိခြင်း ပြုမည့်နေရာသို့ သွားရောက်ပြီး တည်ရှိရာနေရာသည် ပတ်ဝန်းကျင်ဒေသနှင့် ဆီလျော်ခြင်း ရှိ မရှိ၊

(ခ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ကျင်းပရာအဆောက်အဦ၏ အချိုးအစားနှင့် အကျယ်အဝန်းသည် သင့်လျော်သည့်အနေအထား ရှိ မရှိ ၊

(ဂ) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများသည် သန့်ရှင်းသပ်ရပ်မှုနှင့် အခင်းအကျင်းကောင်းမွန်မှု ရှိ မရှိ ၊

(ဃ) လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူတွေ့ဆုံမေးမြန်းခြင်း ၊ လိုအပ်သောသတင်းအချက်အလက်နှင့် အထောက်အထားများ ၊ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို တင်ပြစေခြင်း ၊

(င) ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများနှင့် စပ်လျဉ်းသည့် စာရင်းဇယားနှင့် စာရွက်စာတမ်းများ၊ စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကောက်နုတ်ချက်ရယူခြင်းနှင့် မိတ္တူကူးယူခြင်း၊

(စ) လုပ်ငန်းဆိုင်ရာ စာရင်းဇယားများနှင့် စာရွက်အမှတ်အသားများကို ပြုစုထားရှိခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ရရှိသူက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ညွှန်ပြခြင်း ၊

(ဆ) လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာအစိုးရဌာန ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း ၊

(ဇ) အဖွဲ့က လိုအပ်သည်ဟုယူဆသော အချက်များကို စစ်ဆေးခြင်း ၊

(ဈ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သတ်မှတ်ရက်အတွင်း ဝန်ကြီးဌာနမှတစ်ဆင့် ကော်မတီထံ တင်ပြခြင်း ၊

(ည) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတင်ပြရာတွင် မှတ်တမ်းဓာတ်ပုံများအားတစ်ပါတည်း ပူးတွဲတင်ပြခြင်းနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် ကိစ္စများရှိပါက သီးခြားတင်ပြခြင်း၊

(ဋ) ဝန်ကြီးက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)

## ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ဖွင့်လှစ်ထားရှိသည့် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများအား အရေးယူဆောင်ရွက်ခြင်း

၁၇။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပြသထားရှိသည်ဟု လုံလောက်သော အကြောင်းရှိလျှင် မည်သည့်ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့် ပြပွဲများကိုမဆို မြို့နယ်တရားရုံးမှ သက်ဆိုင်ရာ တရားသူကြီးတစ်ဦးဦးသည် ရဲအုပ်အဆင့်အောက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝင်ရောက် စစ်ဆေးရန် ဝရမ်းနှင့် လုပ်ပိုင်ခွင့်အာဏာအပ်နှင်းနိုင်သည်။ အဆိုပါရဲအရာရှိသည် ထိုဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု

စသည့် ပြပွဲများတွင်တွေ့ရှိသော ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုများနှင့် အခြား ဆက်စပ်ပစ္စည်းများကို သိမ်းယူသင့်သည်ဟုယူဆလျှင် သိမ်းယူနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ သိမ်းယူထားသော ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုနှင့် အခြား ဆက်စပ်ပစ္စည်းများကို ဝရမ်းထုတ်ဆင့်သော မြို့နယ်တရားရုံးသို့ ဆောလျင် နိုင်သမျှ ဆောလျင်စွာ တင်ပြရမည်၊

(ဂ) အဆိုပါ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုနှင့် အခြားဆက်စပ်ပစ္စည်းများထားရှိခြင်းမှာ ဤဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ထားရှိခြင်းဖြစ်သည်ဟု မြို့နယ် တရားရုံးမှ သက်ဆိုင်ရာ တရားသူကြီးကယူဆလျှင် ထိုဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုနှင့် အခြားဆက်စပ်ပစ္စည်းများ ကို သိမ်းဆည်းစေနိုင်သည် သို့မဟုတ် ဖျက်ဆီးစေနိုင်သည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်ကို ယာယီရပ်ဆိုင်းခြင်း ၊

(ခ) ဒဏ်ကြေးပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက် ဆောင်ရွက်ရန် ခွင့်ပြုခြင်း ၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

၁၉။ ကော်မတီသည် ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်သော ခွင့်ပြုမိန့်ရရှိသူအား ပုဒ်မ ၁၈ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ကို ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ် ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၁၀)
## အယူခံခြင်း

၂၀။ ကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၁။ အစိုးရအဖွဲ့သည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကို ဖြစ်စေ ၊ အတည်ပြုခြင်း ၊ ပယ်ဖျက်ခြင်း ၊ ပြင်ဆင်ပြောင်းလဲခြင်း ၊ ပြန်လည်စိစစ်ရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၂၂။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## တားမြစ်ချက်များ

၂၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်မရှိပဲ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခြင်း မပြုရ။

၂၄။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့် အညီမဟုတ်ပဲ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခြင်း မပြုရ။

၂၅။ မည်သူမျှ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ခွင့်ပြုမိန့်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်ထားစဉ်ကာလအတွင်း ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများကို ဆက်လက်ပြသခြင်း မပြုရ။

၂၆။ မည်သူမျှ မိမိရရှိထားသော ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ခွင့်ပြုမိန့်ကို ခွင့်ပြုချက် မရရှိပဲ အခြားသူတစ်ဦးအား လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်စေခြင်း မပြုရ။

၂၇။ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၈။ (က) မည်သူမဆို ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ရာတွင် သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည် သို့မဟုတ် ဖျက်ဆီးနိုင်သည်၊

၂၉။ မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၃၀။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၃၁။ ကော်မတီသည် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူအကျိုးငှာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ ခွင့်ပြုမိန့်ရယူခြင်းမှဖြစ်စေ၊ သတ်မှတ်သည့်အခကြေးငွေပေးသွင်းခြင်းမှဖြစ်စေ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၃၂။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၃။ ကော်မတီဝင်များသည် ဤဥပဒေအရပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ခွင့်ပြုမိန့်ထုတ်ပေးသည့် အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ ၊ တရားမကြောင်းဖြင့်သော်လည်းကောင်း ၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၃၅။ ဤဥပဒေမပြဋ္ဌာန်းမီ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ပြသခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၃၆။ ဦးစီးဌာနသည် ကော်မတီ၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို စီမံဆောင်ရွက်ပေးရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့